ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၂ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏

# ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## ၂၀၁၂ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

( ၂၀၁၂ ခုနှစ် ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၄ ။)

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်

( ၂၀၁၂ ခုနှစ် ၊ မတ်လ ၂၉ ရက် )

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁

### အမည်နှင့် စတင် အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၂ –၂၀၁၃ ခု ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

### အပိုင်း ၂

### တိုင်းဒေသကြီးအစိုးရအဖွဲ့၊
### တိုင်းဒေသကြီးလွှတ်တော်၊
### တိုင်းဒေသကြီးတရားလွှတ်တော်၊
### တိုင်းဒေသကြီးဥပဒေချုပ်၊
### တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊
### တိုင်းဒေသကြီးဝန်ကြီးဌာနများ၊
### တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊
### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီးဘဏ္ဍာ ရန်ပုံငွေ အစီအစဉ်ဖြင့်လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီး ဘဏ္ဍာ ရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့်ဌာနအဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြသော၂၀၁၂–၂၀၁၃ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

၆။ **တိုင်းဒေသကြီး**အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြ**ရမည်**။

၇။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့်ငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရလိုအပ်လျှင် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၂ – ၂၀၁၃ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဝန်ကြီးချုပ်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

# တိုင်းဒေသကြီးတရားလွှတ်တော်၊တိုင်းဒေသကြီးဥပဒေချုပ်၊တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ဗဟိုအဖွဲ့အစည်းများ | | | | | | | | | | |
| | ၁ | တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၅၄. ၆၅၆ | | | | | | |
| | ၂ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၁၂၀ | | | | | | |
| | ၃ | စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၁. ၂၅၃ | | | | | | |
| | | ပေါင်း | | | | ၅၆. ၀၃၉ | | | | | | |

# တိုင်းဒေသကြီးတရားလွှတ်တော်၊တိုင်းဒေသကြီးဥပဒေချုပ်၊တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ ထုတ်ချေးငွေ | ကြွေးမြီ ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | ဗဟိုအဖွဲ့အစည်းများ | | | | | | | | |
| ၁ | တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၉၂၇. ၅၄၁ | | | ၂၀၀. ၀၀၀ | | | |
| ၂ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၄၁၈. ၇၇၇ | | | | | | |
| ၃ | စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၈၉၅. ၆၇၂ | | | ၈၀. ၆၇၉ | | | |
| | ပေါင်း | | ၂၂၄၁. ၉၉၀ | | | ၂၈၀. ၆၇၉ | | | |

တိုင်းဒေသကြီးဝန်ကြီးဌာနများ၊တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် တွင်ကောက်ခံသည့် အခွန်အကောက် | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၂၁၈၄. ၆၆၂ | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၂၁၈၄. ၆၆၂ | | | | | | | | |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက် | ၄င်း | ၅၈၇. ၃၀၀ | | | | | | | | |
| | ၁ | မြေယာပေါ် တွင်ကောက်ခံသည့်အခွန် | | ၁၀. ၇၅၀ | | | | | | | | |
| | ၂ | တာတမံခွန် | | ၁. ၄၅၅ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၁၀၃. ၅၇၇ | | | | | | | | |
| | ၄ | ဓါတ်သတ္တုပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၁. ၀၀၄ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၄၇၀. ၅၀၄ | | | | | | | | |
| ၃ | | ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့်စည်ပင်သာယာရေး အဖွဲ့များမှ ကောက်ခံသည့် အခွန် | ၄င်း | ၆၂၆၇. ၂၆၁ | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၁၆၆၉. ၅၄၈ | | | | | | | | |
| | ၂ | ဘီးခွန် | | ၄၅၉၇. ၇၁၃ | | | | | | | | |
| ၄ | | တိုင်းဒေသကြီး၏ စီးပွားရေးအဖွဲ့ အစည်းများမှရငွေ | ၄င်း | | ၁၅၅. ၆၅၃ | | | | | | | |

တိုင်းဒေသကြီးဝန်ကြီးဌာနများ၊တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။ အဆက်
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | ၁၆.၂၉၉ | | | ၁၀၀၀.၀၀၀ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၁၂.၂၉၂ | | | ၁၀၀၀.၀၀၀ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀.၀၂၇ | | | | | | |
| | ၃ | အကျဉ်းဦးစီးဌာန | | | | ၃.၉၈၀ | | | | | | |
| ၆ | | သမဝါယမ | ၄င်း | | | ၃၀.၄၈၂ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၂၅.၉၀၂ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၄.၅၈၀ | | | | | | |
| ၇ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၄င်း | | | ၉၃.၂၉၉ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၆၉.၉၈၉ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၂၃.၃၁၀ | | | | | | |
| ၈ | | ဆောက်လုပ်ရေး | ၄င်း | | | ၁၄၃.၃၄၀ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၁၄၃.၃၄၀ | | | | | | |
| ၉ | | ဘဏ္ဍာရေးနှင့်အခွန် | ၄င်း | | | | | | ၁၀၈၂၇.၃၄၈ | | ၂၂၀၉၇.၃၄၂ | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၁၀၈၂၇.၃၄၈ | | ၂၂၀၉၇.၃၄၂ | |
| ၁၀ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၄င်း | | | ၀.၁၀၀ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၁၀၀ | | | | | | |

တိုင်းဒေသကြီးဝန်ကြီးဌာနများ၊တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁၁ | အလုပ်သမား | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | ၀. ၀၀၂ | | | | | | |
| | ၁ ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | | | ၀. ၀၀၂ | | | | | | |
| ၁၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၄င်း | | | ၂၈. ၉၇၉ | | | | | | |
| | ၁ သစ်တောဦးစီးဌာန | | | | ၂၈. ၉၇၉ | | | | | | |
| ၁၃ | အားကစား | ၄င်း | | | ၀. ၀၃၅ | | | | | | |
| | ၁ အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၀. ၀၃၅ | | | | | | |
| ၁၄ | ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ | ၄င်း | | | ၄၆၀၀၉. ၃၀၃ | | ၃၅၁၇. ၃၈၄ | | | | |
| ၁၅ | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | | | ၂၅၉၇. ၈၁၉ | | | | | | |
| | ပေါင်း | | ၉၀၃၉. ၂၂၃ | ၁၅၅. ၆၅၃ | ၄၈၉၂၀. ၀၅၈ | | ၃၅၁၇. ၃၈၄ | ၁၁၈၂၃. ၃၄၈ | | ၂၂၀၉၃. ၃၄၂ | |

တိုင်းဒေသကြီးဝန်ကြီးဌာနများ၊တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် | ၅၁၉၀. ၁၇၀ | | ၁၀၁၄. ၅၀၀ | ၇၆. ၁၃၀ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် | ၂၃၂၁. ၈၇၆ | | ၁၀၁၄. ၅၀၀ | ၇၆. ၁၃၀ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၁၆၇. ၈၆၃ | | | | | | |
| | ၃ | အကျဉ်းဦးစီးဌာန | | ၂၇၀၀. ၄၃၁ | | | | | | |
| ၂ | | သမဝါယမ | ၄င်း | ၆၉၃. ၁၂၂ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၆၆၀. ၄၉၃ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၃၂. ၆၂၉ | | | | | | |
| ၃ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၄င်း | ၃၆၁. ၉၉၅ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၆၄. ၉၂၁ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၈၆. ၁၉၅ | | | | | | |
| | ၃ | ပျားလုပ်ငန်းဌာန | | ၁၀. ၈၇၉ | | | | | | |
| ၄ | | ဆောက်လုပ်ရေး | ၄င်း | ၄၃၇၃. ၉၂၂ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၈၇၃. ၉၂၂ | | | | | | |
| | ၂ | အဆောက်အအုံ၊လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၃၅၀၀. ၀၀၀ | | | | | | |
| ၅ | | ဘဏ္ဍာရေးနှင့်အခွန် | ၄င်း | ၃၆. ၃၂၄ | | | | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၃၆. ၃၂၄ | | | | | | |

တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ငွေသား (ကျပ်သိန်းပေါင်း)
(၄) အဆုံး။

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | သုံးငွေများ - အတိုးပေးငွေ | သုံးငွေများ - ထောက်ပံ့ငွေ | သုံးငွေများ - ငွေလုံးငွေရင်းသုံးငွေ | သုံးငွေများ - ကြွေးမြီ - ထုတ်ချေးငွေ | သုံးငွေများ - ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | သုံးငွေများ - အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၆ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၃၂၂. ၀၈၃ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၃၂၂. ၀၈၃ | | | | | | |
| ၇ | | အလုပ်သမား | ၄င်း | ၂၃. ၉၇၆ | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၂၃. ၉၇၆ | | | | | | |
| ၈ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၄င်း | ၃၅၇. ၀၅၇ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၃၅၇. ၀၅၇ | | | | | | |
| ၉ | | အားကစား | ၄င်း | ၁၅၁. ၉၉၀ | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၁၅၁. ၉၉၀ | | | | | | |
| ၁၀ | | ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ | ၄င်း | ၃၇၁၆၃. ၀၃၄ | ၃၂. ၀၀၀ | | ၁၈၃၇၇. ၀၈၉ | | ၁၅၂. ၀၀၀ | ၅၀၀. ၀၀၀ |
| ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | ၁၅၁၅. ၂၄၁ | | | ၂၂၄၆. ၃၀၀ | | | |
| | | ပေါင်း | | ၅၀၁၈၈. ၉၁၄ | ၃၂. ၀၀၀ | ၁၀၁၄. ၅၀၀ | ၂၀၆၆၉. ၅၁၉ | | ၁၅၂. ၀၀၀ | ၅၀၀. ၀၀၀ |

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၅)
(ကျပ်သန်းပေါင်း)

| စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြန်ကြားရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | ၂၉၇. ၃၅၅ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၂၉၇. ၃၅၅ | | | | | | |
| ၂ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၄င်း | | | ၂. ၃၈၈ | | | | | | |
| | ၁ | မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း | | | | ၂. ၂၃၈ | | | | | | |
| | ၂ | မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း | | | | ၀. ၁၅၀ | | | | | | |
| ၃ | | သတ္တုတွင်း | ၄င်း | | | ၁၁၂. ၈၄၀ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | | | ၁၁၂. ၈၄၀ | | | | | | |
| ၄ | | ဆောက်လုပ်ရေး | ၄င်း | | | ၂၄၇၀၄. ၇၃၀ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၂၄၇၀၄. ၇၃၀ | | | | | | |
| | | ပေါင်း | | | | ၂၅၁၁၇. ၃၁၃ | | | | | | |

## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ယေား (၆)
(ကျပ်သန်းပေါင်း)

| စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြန်ကြားရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၂၇၄. ၇၉၂ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၂၇၄. ၇၉၂ | | | | | | |
| ၂ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၆၉၁. ၆၇၀ | | | | | | |
| | ၁ | မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း | | ၆၇၄. ၃၄၉ | | | | | | |
| | ၂ | မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း | | ၅၇. ၂၈၁ | | | | | | |
| ၃ | | သတ္တုတွင်း | ၎င်း | ၁၁၀. ၅၀၇ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | ၁၁၀. ၅၀၇ | | | | | | |
| ၄ | | ဆောက်လုပ်ရေး | ၎င်း | ၂၄၃၃၄. ၁၅၉ | | | ၂၀၂၃၉. ၆၇၀ | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၂၄၃၃၄. ၁၅၉ | | | ၂၀၂၃၉. ၆၇၀ | | | |
| | | ပေါင်း | | ၂၅၄၁၁. ၀၈၈ | | | ၂၀၂၃၉. ၆၇၀ | | | |